# သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ ခြုံငုံဖော်ပြချက်



မြန်မာ ၂၀၁၄

# သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ ခြုံငုံဖော်ပြချက်








| | | |
|---|---|---|
| | နိဒါန်း | ၁ |
| | စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ | ၃ |
| ၁. | သန်းခေါင်စာရင်းလုပ်ငန်းအား လူထုအသိပညာပေးခြင်း | ၄ |
| ၂. | ပြည်သူလူထု၏ သန်းခေါင်စာရင်းအပေါ် နားလည်သဘောပေါက်မှု၊ သိရှိမှုနှင့် သဘောထား | ၅ |
| ၃. | သန်းခေါင်စာရင်းရုံးများ (ပစ္စည်းများကို ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သိမ်းဆည်းထားရှိခြင်းနှင့် ပြန်လည်ပေးပို့ခြင်း) | ၆ |
| ၄. | စာရင်းကောက်များ၏ သွင်ပြင်လက္ခဏာ | ၈ |
| ၅. | သန်းခေါင်စာရင်းဆိုင်ရာပစ္စည်းများ ရရှိမှုနှင့် အသုံးပြုမှု | ၉ |
| ၆. | မေးခွန်းပုံစံများကို ကိုင်တွယ်ထိန်းသိမ်းခြင်း | ၁၂ |
| ၇. | ဘာသာစကားနှင့် ဆိုင်သောကိစ္စများ | ၁၃ |
| ၈. | သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်၏ အရည်အသွေးခြုံငုံသုံးသပ်ချက် | ၁၄ |
| ၉. | အချက်အလက်များ၏ အရည်အသွေး | ၁၇ |
| ၁၀. | ရခိုင်ပြည်နယ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်း | ၂၀ |



# နိဒါန်း

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိခဲ့သည်မှာ ဆယ်စုနှစ်ကြာပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စာရင်းကောက်ယူပုံကို ပိုမိုနားလည်နိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့ တစ်ဖွဲ့ကို သန်းခေါင်စာရင်းကောက်ယူမှုအား လေ့လာပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထိုအဖွဲ့တွင် အတွေ့အကြုံရှိသော လေ့လာသူ ၄၇ ဦး ပါဝင်၍ ၂၃ ဦးသည် နိုင်ငံတကာမှဖြစ်ပြီး ၂၄ ဦးမှာ မြန်မာနိုင်ငံမှ ဖြစ်ပါသည်။ ထိုလေ့လာသူများမှာ စာရင်းအင်းပညာရှင်များ၊ သန်းခေါင်စာရင်း ကျွမ်းကျင်သူများ၊ လူဦးရေပညာရှင်များနှင့် လူမှုရေးသိပ္ပံပညာရှင်များ ဖြစ်ကြပါသည်။

ဤစာတမ်းသည် သန်းခေါင်စာရင်း စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များကို အကျဉ်းချုပ် ဖော်ပြထားခြင်းဖြစ်ပါသည်။ ဖတ်ရှုသူများ ပိုမိုရှင်းလင်းစွာ နားလည်နိုင်စေရန်အတွက် စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဖော်ပြ ချက်များသာမက ရှင်းပြရန်လိုအပ်သည့် အခြားအချက်အလက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

သန်းခေါင်စာရင်း စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ရည်ရွယ်ချက်များမှာ ရွေးချယ်ထားသောမြို့နယ်နှင့် စာရင်းကောက်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုင်ငံတကာစံနှုန်းများ၊ မြန်မာနိုင်ငံ၏ နည်းဥပဒေများနှင့်အညီ ကောက်ယူခြင်းရှိ/မရှိ ကြည့်ရှုလေ့လာရန်၊ သန်းခေါင်စာရင်းလုပ်ငန်း၏ ယုံကြည်စိတ်ချရမှုနှင့် ပွင့်လင်းမြင်သာမှုအားတိုးတက်စေရန်၊ သန်းခေါင်စာရင်းကောက်ယူနေစဉ် အစိုးရအား သတင်းအချက်အလက်များ မှန်မှန်ပေးသွားရန်နှင့် အနာဂါတ်တွင်ဆောင်ရွက်မည့် သန်းခေါင်စာရင်းလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် အတွေ့အကြုံများနှင့် ကောင်းမွန်သော အလေ့အထများကို မှတ်တမ်းတင်နိုင်ရန်တို့ ဖြစ်ကြသည်။

လေ့လာသူများသည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ခုလုံးသို့သွားရောက်ခဲ့ကြပြီးခရိုင်ပေါင်း၄၁ခု (စုစုပေါင်း၏၅၅%)၊ မြို့နယ်ပေါင်း ၁၂၁ မြို့နယ် (စုစုပေါင်း၏ ၃၇%) နှင့် စာရင်းကောက်ကွက်ပေါင်း ၉၀၁ (စုစုပေါင်း၏ ၁.၁%) တွင်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ တစ်နိုင်ငံလုံးတွင် တွေ့ဆုံမေးမြန်းမှုပေါင်း ၂၀၉၃ ခု (၂၀၇၇ ခုကို အစအဆုံး၊ ၁၆ခုကို တစ်စိတ်တစ်ပိုင်း) ပြုလုပ်လေ့လာခဲ့ပါသည်။ အဖွဲ့အနေနှင့် ဤလေ့လာမှုမှာ "သန်းခေါင်စာရင်းကောက်ယူခြင်းကို စောင့်ကြည့်လေ့လာရာတွင် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်မှုအရ ကြီးမားသော နမူနာ" ဖြစ်ကြောင်းကို အသိအမှတ်ပြုခဲ့ပါသည်။ ထို့ကြောင့် တွေ့ရှိချက်များသည် ဆက်လက်ဆောင်ရွက်နေသည့်



သန်းခေါင်စာရင်း လုပ်ငန်းစဉ်များအတွက် အသုံးဝင်နိုင်ပါသည်။ အထူးသဖြင့် ဆက်လက်ဆောင်ရွက်မည့် အဆင့်များ၊ အထူးသဖြင့် အချက်အလက်များ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်အတွက် ကောက်ယူခဲ့သည့်အချက်အလက်များ၏အရည်အသွေးအပေါ်တွင် အကောင်းဘက်မှဖြစ်စေ၊ အဆိုးဘက်မှဖြစ်စေ သက်ရောက်မှု ရှိနိုင်သည့် အကြောင်းချင်းရာများအား ပိုမိုသိရှိနားလည်စေနိုင်ပါသည်။

ခြုံငုံဖေါ်ပြရလျှင် စောင့်ကြည့်လေ့လာရေးအဖွဲ့၏တွေ့ရှိချက်များအား သန်းခေါင်စာရင်းကောက်ယူနေစဉ် အစိုးရထံ အချက်အလက်များမှန်မှန်ပေးသွားနိုင်ခဲ့ခြင်းဖြင့် လိုအပ်သည့်နေရာများတွင်ပြင်ဆင်ဆောင်ရွက်မှုများကို ပြုလုပ်စေနိုင်ခဲ့သောကြောင့် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့ပြင် အနာဂါတ်တွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် သန်းခေါင်စာရင်းလုပ်ငန်းများနှင့် ကြီးမားသော စာရင်းကောက်ယူမှုလုပ်ငန်းများအတွက် ရရှိခဲ့သော သင်ခန်းစာများနှင့် ကောင်းမွန်သောအလေ့အထများကို မှတ်တမ်းတင်နိုင်ခဲ့သဖြင့် စွမ်းဆောင်ရည် တည်ဆောက်မှုကိုလည်း အထောက်အကူဖြစ်စေပါသည်။

စောင့်ကြည့်လေ့လာရေးအဖွဲ့သည် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြီးသည့် တီမောလက်စတေ၊ ဆူဒန်၊ ကိုဆိုဗို၊ မက်ဆီဒိုးနီးယားနှင့် ဘော့စနီးယား၊ ဟာဇီဂိုးဗီးနား၊ နိုင်ဂျီးရီးယား၊ ဂါနာနိုင်ငံများ အပါအဝင် မြန်မာနိုင်ငံနှင့် နောက်ခံအခြေအနေတူညီသည့် နိုင်ငံအချို့တွင် အောင်မြင်စွာအသုံးပြုခဲ့သည့်နည်းလမ်းကို လျော်ညီအောင် ပြင်ဆင်၍ ဤလေ့လာရေးလုပ်ငန်းအတွက် အသုံးပြုခဲ့ပါသည်။ အဖွဲ့ခွဲများအကြား ဓမ္မဓိဋ္ဌာန်ကျစွာလေ့လာနိုင်ပြီး အနည်းဆုံးအနေနှင့် လေ့လာရမည့် အကြောင်းအရာများ တစ်ပြေးညီဖြစ်စေရန်၊ မတူညီသောဒေသများမှလေ့လာ တွေ့ရှိချက်များအား နှိုင်းယှဉ်နိုင်ရန်နှင့်အဖွဲ့အသီးသီးမှ အစီရင်ခံတင်ပြကြရာတွင် လွယ်ကူစေရန်တို့အတွက် လေ့လာသူများသည် စံပြုနည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်။



The Mission comprised 47 experienced observers, 23 international and 24 Myanmar nationals. These teams of experts were composed of statisticians, census experts, demographers and social scientists. ©UNFPA/ITAB March 2014

## စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ

ခြုံငုံ၍ပြောဆိုပါက စောင့်ကြည့်လေ့လာရေးအဖွဲ့အနေနှင့် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောင်မြင်ပြီး နိုင်ငံတကာစံနှုန်းနှင့်ညီညွတ်သည်ဟု သုံးသပ်ပါသည်။ ချွင်းချက်အနေနှင့် ရခိုင်ပြည်နယ်တွင် မိမိတို့ကိုယ်ကို ရိုဟင်ဂျာဟု သတ်မှတ်ဖေါ်ပြလိုသူများက စာရင်းအကောက်မခံခဲ့ခြင်းနှင့် KIO ထိန်းချုပ်မှုအောက်တွင်ရှိသော ကချင်ပြည်နယ်ဒေသအချို့တွင် စာရင်းမကောက်ယူနိုင်ခြင်းများ ရှိခဲ့ပါသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်စာရင်းအင်းဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံအသီးသီးနှင့်အဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော နိုင်ငံတကာ နည်းပညာအကြံပေးဘုတ်အဖွဲ့ (International Technical Advisory Board – ITAB) သည် ပြည်သူ့အင်အားဦးစီးဌာနနှင့် တွဲဖက်ကာ စာရင်းမကောက်ယူနိုင်ဘဲကျန်ခဲ့သည့်ဒေသများမှ လူဦးရေကို နီးစပ်မှန်ကန်စွာ ခန့်မှန်းနိုင်မည့်နည်းလမ်းများအား ရှာဖွေကြမည်ဖြစ်ပါသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အား လွတ်လပ်စွာဆန်းစစ်သုံးသပ်ရန်အတွက်လည်း စီစဉ်ထားပြီး ဖြစ်ပါသည်။ ထို့ပြင်အချက်အလက်များအားဆန်းစစ်လေ့လာသည့်အဆင့်တွင်အသက်အရွယ်၊ မသန်မစွမ်းမှု အခြေအနေနှင့် ပြောင်းရွှေ့သွားလာခြင်းတို့ကဲ့သို့ စာရင်းကောက်ယူရာတွင် ခက်ခဲနိုင်သည့် အချက်အလက်အချို့အတွက် အမှားအယွင်းများတွေ့ရှိခဲ့ပါက ပြန်လည်ပြင်ဆင်နိုင်ရန် အရည်အသွေးစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်အတွက် နိုင်ငံတကာမှလက်ခံထားသော လူဦးရေဆိုင်ရာ ဆန်းစစ်မှု နည်းလမ်းများကို အသုံးပြုမည် ဖြစ်ပါသည်။

စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အဓိကတွေ့ရှိချက်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။




## ၁. သန်းခေါင်စာရင်းလုပ်ငန်းအား လူထုအသိပညာပေးခြင်း

- သန်းခေါင်စာရင်းလုပ်ငန်းအား လူထုအသိပညာပေးခြင်းနှင့် လူအများ သိရှိစိတ်ဝင်စားစေရန် လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အဖွဲ့၏လေ့လာတွေ့ရှိချက်မှာ လေ့လာခဲ့သည့်နေရာများ၏၉၂%တွင် လူထုအသိပညာပေးပစ္စည်းသို့မဟုတ်လုပ်ငန်းများရှိနေသဖြင့် ချီးကျူးထိုက်ကြောင်း ဖော်ပြပါသည်။ ပိုစတာ၊ ဆိုင်းဘုတ်ကြီးများနှင့် လက်ကမ်းစာစောင်များကို ကျယ်ပြန့်စွာ တွေ့မြင်နိုင်၊လက်လှမ်းမီရရှိနိုင်ကြသည်။(ပိုစတာများကိုသစ်ပင်များနှင့် အများနှင့်သက်ဆိုင်သောနေရာများတွင် တွေ့ရပြီး နဖူးစည်းစာတမ်းများ၊ဆိုင်းဘုတ်ကြီးများကိုလူအများသွားလာသည့် လမ်းများတွင် တွေ့ရသည်။)
- (နယ်မြေအနေအထား သို့မဟုတ် စာတတ်မြောက်မှုနည်းပါးခြင်း တို့ကြောင့်) ပုံနှိပ်ပစ္စည်းများဖြင့် အသိပေးရန် မလွယ်ကူသော လူထုအတွက် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ကြေညာချက်များမှ တစ်ဆင့် ကျယ်ပြန့်စွာ အသိပေးခဲ့ပါသည်။ "ကျော်ကြားသော အနုပညာရှင်များပါဝင်သည့် ဖျော်ဖြေပညာပေးယာဉ်ခရီးစဉ်" မှာလည်း နိုင်ငံတစ်ဝှမ်း မြို့နယ်၊ ကျေးရွာများသို့ သွားရောက်ကာ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ ပြည်သူအများ သိရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ ထိုခရီးစဉ်များအတွက် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့် ပေးမှုများမှာလည်း စိတ်ဝင်စားမှု အများအပြားရရှိစေခဲ့ပါသည်။ လူသိများသော လူရွှင်တော်များနှင့် တေးသံရှင်များက အဆိုပါခရီးစဉ်ဖြင့်လိုက်ပါပြီး တေးသီချင်းများဖြင့်ဖျော်ဖြေခြင်း၊ ဉာဏ်စမ်းပဟေဠိများ မေးမြန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။





- ထို အသိပေးလုပ်ငန်းများနှင့် လှုပ်ရှားဆောင်ရွက်မှုများမှ တစ်ဆင့်ပြည်သူလူထုမှမည်မျှအမှန်တကယ်သိရှိနားလည်သည်ကို အဖွဲ့၏လေ့လာမှုများမှ တိုက်ရိုက် ကောက်ချက်မချနိုင်ပါ။ သို့သော် ပြည်သူအများစုသည် စာရင်းကောက်ယူရာတွင် လိုလားတက်ကြွစွာ ပါဝင်ဖြေဆိုပေးကြသည်ကို လေ့လာတွေ့ရှိရသဖြင့် ထိုလှုပ်ရှားဆောင်ရွက်မှုများ၏ ရလဒ်ဟုဆိုနိုင်သည်။ ဥပမာ အားဖြင့် ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ဒေသအချို့တွင် အိမ်ထောင်စုအချို့သည် ပိုမိုမှန်ကန်တိကျစွာ ဖြေဆိုနိုင်ရန် အတွက်အချက်အလက်များကိုမှတ်စုရေးမှတ်၍ကြိုတင်ပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဧရာဝတီတိုင်းသို့ သွားရောက်လေ့လာသည့်အဖွဲ့က ဤအချင်းအရာကို ပြည်သူလူထုနှင့်အတူ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု၏ လက္ခဏာအဖြစ် ယူဆပါသည်။
- ပြည်သူလူထု သိရှိမှုအနေနှင့် ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများ အထူးသဖြင့် အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ကျေးရွာများတွင် ကျယ်ပြန့်စွာသိရှိမှု ပိုမိုနည်းပါးသော်လည်း အခြားပြည်နယ်၊တိုင်းများ ဥပမာ ပဲခူး၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့ရှိ ဝေးလံသောဒေသများ၌ပင် သန်းခေါင်စာရင်းဆိုင်ရာ အသိပေးပစ္စည်းများကို မြင်သာစွာကပ်ထားခြင်း၊ ဖြန့်ဝေထားခြင်းကို တွေ့ရှိရပါသည်။

# ၂. ပြည်သူလူထု၏ သန်းခေါင်စာရင်းအပေါ် နားလည်သဘောပေါက်မှု၊ သိရှိမှုနှင့် သဘောထား







- လူအများမှာ သန်းခေါင်စာရင်းအကြောင်းကို အကောင်းမြင် နားလည်သဘောပေါက်ပြီး စာရင်းကောက်ခံလို ကြပါသည်။
- ဥပမာ ချင်းပြည်နယ်နှင့် ရောဂတီတိုင်းတို့တွင် အိမ်ထောင်စုများစွာတို့သည် စာရင်းလာရောက်မကောက်ယူမီ မှတ်စုများကို ပြင်ဆင်ထားကြသဖြင့် ကောင်းစွာဖြေဆိုပေးနိုင်ကြကြောင်း လေ့လာရေးအဖွဲ့က တင်ပြခဲ့ ပါသည်။
- ချင်းပြည်နယ်ရှိ အချို့အိမ်ထောင်စုများသည် နိုင်ငံခြားတွင် ရောက်ရှိနေသော အိမ်ထောင်စုဝင်များအကြောင်း မေးခွန်းကို ဖြေဆိုရန် စိုးရွံ့ကြောင်း တွေ့ရသည်။ သို့သော် အကြောင်းရင်းမှာ သန်းခေါင်စာရင်းလုပ်ငန်းကို နားမလည်သောကြောင့် မဟုတ်ဘဲ မိသားစုဝင်များက ရွှေ့ပြောင်းသွားလာနေထိုင်မှုကို ဖွင့်ဟပြောဆိုလေ့ မရှိသောကြောင့်သာ ဖြစ်နိုင်ပါသည်။
- ချင်းအမျိုးသားရှေ့တန်းအဖွဲ့ (Chin National Front) ၏ အချို့အဖွဲ့ဝင်များက (သန်းခေါင်စာရင်းအပေါ် နားမလည်သောကြောင့်မဟုတ်ဘဲနိုင်ငံရေးအကြောင်းကြောင့်)ဖြေဆိုရန်ငြင်းဆိုကြခြင်းရှိသော်လည်းကယားပြည်နယ်ကဲ့သို့အခြားပြည်နယ်များတွင်မူ ခြားနားကြောင်း တွေ့ရှိရပါသည်။ အချို့မြို့နယ်များတွင် နိုင်ငံရေးအရတင်းမာမှုရှိသော်လည်း သန်းခေါင်စာရင်း လုပ်ငန်းကို အနှောက်အယှက်ကင်းစွာ ဆောင်ရွက်နိုင်စေခဲ့ပါသည်။ ထိုတွေ့ရှိချက်များက ဒေသအများစုတွင် သန်းခေါင်စာရင်းကို မိမိတို့နှင့် ၎င်းတို့၏ ရပ်ရွာအတွက် တန်ဖိုးရှိကြောင်း သိရှိကြသည်ကို ဖော်ပြပါသည်။

## ၃. သန်းခေါင်စာရင်းရုံးများ (ပစ္စည်းများကို ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သိမ်းဆည်းထားရှိခြင်းနှင့် ပြန်လည်ပေးပို့ခြင်း)



- ပြည်နယ်နှင့်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး များမှာကောင်းစွာဖွဲ့စည်း ထိန်းသိမ်းမှုရှိပြီး မြို့နယ်များနှင့် ကွင်းဆင်းလုပ်ငန်းများအတွက် ပံ့ပိုးပေးရမည့် လုပ်ငန်းများအား(စောင့်ကြည့်လေ့လာခြင်း၊ပံ့ပိုးကြီးကြပ်ခြင်းနှင့် ပံ့ပိုးပစ္စည်းများကို တစ်နေရာမှတစ်နေရာသို့ လိုအပ်ပါက ရွှေ့ပြောင်းပို့ဆောင်ခြင်း) ကောင်းစွာထိန်းချုပ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာရေးအဖွဲ့မှ တွေ့ရှိခဲ့ပါသည်။ သန်းခေါင်စာရင်းရုံးများမှ ကောင်းစွာစောင့်ကြည့်၍ ကြီးကြပ်ပံ့ပိုးပေးခြင်းမှာ ကွင်းဆင်းလုပ်ငန်းများ၏ အရည်အသွေး ထိန်းချုပ်မှုအတွက် အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်ခဲ့ပါသည်။
- မြို့နယ်အဆင့်တွင်လဂကရုံးများသည်ပစ္စည်းများဖြန့်ဝေခြင်းနှင့် ကွင်းဆင်းဝန်ထမ်းများအတွက် စီမံခန့်ခွဲခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ကွင်းဆင်းဝန်ထမ်းများအတွက် လိုအပ်သောပစ္စည်းအားလုံး ရရှိကြောင်း သေချာစေရန်နှင့် အရည်အသွေးအတွက် စောင့်ကြည့်ကြီးကြပ်ရန်တို့မှာ အရေးကြီးသော အချက်များဖြစ်ပါသည်။
- လေ့လာရေးအဖွဲ့မှ တွေ့ရှိရသည်မှာ မြို့နယ်အဆင့်တွင် အခြေခံအဆောက်အဦများနှင့် ကွင်းဆင်းမေးမြန်း ဖြည့်သွင်းပြီးသော မေးခွန်းပုံစံများအား ပြန်ပို့လာသည့်အခါ သိမ်းဆည်းရန်အတွက် နေရာပြင်ဆင်မှုမှာ မလုံလောက်ကြောင်း တွေ့ရှိရပါသည်။ ချွင်းချက်အနေနှင့် တနင်္သာရီ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ နေပြည်တော်၊ ရှမ်း၊ ကချင်နှင့် မန္တလေးတိုင်းတို့တွင် သိမ်းဆည်းထားရှိရန် နေရာအများစုမှာ အဆင်သင့်ဖြစ်ပြီး လုံလောက်သော စင်များနှင့် လုံခြုံမှုတို့ရှိကြပါသည်။ သန်းခေါင်စာရင်းလုပ်ငန်းအတွက် သိမ်းဆည်းနှင့် ထောက်ပံ့ဖြန့်ဖြူးမှု စွမ်းရည်များမှာ အခြားဖွံ့ဖြိုးဆဲ နိုင်ငံများတွင်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။
- လုံခြုံသော သိမ်းဆည်းရန်နေရာမရှိသည့် မြို့နယ်ရုံးများသည် အခြားလုံခြုံသောနေရာများ ဥပမာ ရဲစခန်း၊ ဘာသာရေးအဆောက်အဦသို့မဟုတ်ကျေးရွာရပ်ကွက်များရှိနေရာများအား အသုံးပြုခဲ့ကြပါသည် (ဥပမာ - ကရင်နှင့် ကယားပြည်နယ်)။ ထိုအားထုတ်မှုများက သိမ်းဆည်းမှုအတွက်စီစဉ်ရန် နောက်ထပ်ငွေကြေးအရင်းအမြစ်များမရရှိနိုင်သော်လည်းမြို့နယ်သန်းခေါင်စာရင်းအရာရှိများအနေနှင့်ပစ္စည်းများကိုတာဝန်သိစွာ၊လေးစားဂုဏ်ယူစွာ စီမံထိန်းသိမ်း ကြောင်းပြသပါသည်။
- အရေးကြီးသောအချက်တစ်ရပ်မှာ သန်းခေါင်စာရင်း အစီရင်ခံစာများနှင့် မေးခွန်းပုံစံများကို မြို့နယ်များမှ ပြည်သူ့အင်အားဦးစီးဌာနသို့ ၂၀၁၄ ခုနှစ် မေလ ၆ ရက်နေ့ မတိုင်မီ ပြန်လည်ပေးပို့ခဲ့ကြောင်းပင် ဖြစ်ပါသည်။ ထိုကာလများအတွင်း ရှည်လျားသော ရုံးပိတ်ရက်များ ရှိသော်လည်း အောက်ခြေအဆင့်တွင် ထိခိုက်ပျက်စီးမှုနှင့် ပြင်ဆင်ဖြည့်သွင်းမှုများ မဖြစ်ပွားစေရန်အတွက် တိုတောင်းသောကာလအတွင်း ပြန်လည်ပို့ပေးနိုင်ခြင်းမှာ အရေးပါသော အချက်တစ်ရပ်ဖြစ်ကြောင်း လေ့လာရေးအဖွဲ့က ယူဆပါသည်။ သန်းခေါင်စာရင်း အစီရင်ခံစာများနှင့် မေးခွန်းပုံစံများကို ဌာနရမ်းထားသော ကျွမ်းကျင်မှုရှိသည့် ပို့



ဆောင်ရေးကုမ္ပဏီကို အသုံးပြု၍ မြို့နယ်အရာရှိများ လုံခြုံရေးအစောင့်အရှောက်များဖြင့် ပြန်လည်ပေးပို့ခြင်းဖြစ်ပါသည်။ မေးခွန်းပုံစံအများစုမှာ မြို့နယ်ရုံးများတွင်ထားရှိစဉ် ထိခိုက်ပျက်စီးမှုများ မရှိခဲ့ပါ။ ယခုအချိန်အထိ ပြင်ဆင်ပြောင်းလဲမှုများလည်း မတွေ့ရှိရပါ။ (၄င်းကို အချက်အလက်များအား ဆန်းစစ်သည့်အချိန်တွင် လွယ်ကူစွာ တွေ့ရှိနိုင်ပါသည်။) ဤအချက်များမှာ မြို့နယ်အဆင့်တွင် မေးခွန်းပုံစံများ၏ လုံခြုံရေးနှင့် သန်းခေါင်စာရင်းရုံးသို့ မေးခွန်းပုံစံများပြန်ပို့ရန် အသေးစိတ်အစီအစဉ် ရှိနေရေးနှင့် ပတ်သက်၍ လေ့လာရေးအဖွဲ့က အလေးထား စိုးရိမ်ခဲ့သောကိစ္စများအတွက် ဖြေရှင်းဆောင်ရွက်ချက်များ ဖြစ်ပါသည်။ မေးခွန်းပုံစံအနည်းငယ် စုတ်ပြဲခြင်းများရှိ၍ ရှမ်းပြည်နယ်တောင်ပိုင်းတွင် သန်းခေါင်စာရင်းရုံးသို့ ပို့ဆောင်သည့် ယာဉ်ငယ်မီးလောင်၍ မေးခွန်းပုံစံအချို့ ပျက်စီးခဲ့ပါသည်။ သို့ရာတွင် မီးလောင်မှုကို လျှင်မြန်စွာငြိမ်းသတ်နိုင်ခဲ့၍ မေးခွန်းပုံစံများကို ပြန်လည် ကူးယူနိုင်ခဲ့သောကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

# ၄. စာရင်းကောက်များ၏ သွင်ပြင်လက္ခဏာ



- လေ့လာရေးအဖွဲ့မှ တွေ့ရှိရသည်မှာ စာရင်းကောက်အများစုမှာ မူလတန်းနှင့်အလယ်တန်းကျောင်းဆရာ၊ဆရာမများဖြစ်၍၉၄% မှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ အစိုးရက ကျောင်းဆရာ၊ ဆရာမများကို ရွေးချယ်ရခြင်းမှာ ကောင်းစွာရှင်းပြနိုင်ခြင်း၊ တစ်နိုင်ငံလုံးတွင် ရှိနေကြခြင်း၊ ဒေသခံဘာသာစကားနှင့် ယဉ်ကျေးမှု ဗဟုသုတရှိခြင်း၊ အသေးစိတ် အာရုံစူးစိုက်နိုင်ခြင်း၊ သေချာမှုရှိခြင်းနှင့် လက်ရေးလက်သား ရှင်းလင်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းဆရာ၊ဆရာမ အများစုမှာအမျိုးသမီးများဖြစ်၍စာရင်းကောက်အများစုမှာအမျိုး သမီးများ ဖြစ်နေကြပါသည်။
- လေ့လာရေးအဖွဲ့က တွေ့ရှိရသည်မှာ ၉၉% သော စာရင်းကောက်များသည် အိမ်များအတွင်း ဝင်ရောက်၍ မေးခွန်းများ မေးမြန်းသည့်အခါ ယဉ်ကျေးကြပါသည်။ ထို့ပြင် စာရင်းကောက် အများစုသည် စိတ်ရှည်၍ စေ့စပ်သေချာပြီး ကြိုးစားအားထုတ်မှု ရှိကြပါသည်။စာရင်းကောက်လုပ်ငန်းအပေါ် အာရုံမြုပ်နှံ၍ပေးအပ်ထားသော သန်းခေါင်စာရင်းဂတ်စုံ (စိစစ်ရေးကဒ်ပြား၊ ဦးထုပ်၊ သန်းခေါင်စာရင်း ဂစ်စကုတ်၊ တီရှပ်၊ အိတ်) ကို စနစ်တကျ ဂတ်ဆင်ကြပါသည်။ ထိုသို့ အမူအကျင့်ဆိုင်ရာ အရည်အသွေးများ ရှိခြင်းမှာ ကျောင်းဆရာ၊ ဆရာမများဖြစ်ခြင်း၊ ဖြေဆိုသူများက ကြိုဆိုမှုရှိခြင်းနှင့် ပူးပေါင်းပါဝင်မှုကို ရယူနိုင်ခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ သန်းခေါင်စာရင်းဂတ်စုံ ဂတ်ဆင်ခြင်းဖြင့် စာရင်းကောက်များကို လွယ်ကူစွာသိရှိနိုင်သောကြောင့် ဖြေဆိုသူများအဖို့ အတုအယောင် စာရင်းကောက်ယူသူများဟု သံသယမဖြစ်စေပါ။
- နေရာဒေသအများစုတွင်စာရင်းကောက်များအားငှင်းတို့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့ကြောင့် နေရာဒေသ၊ ဒေသခံလူထုနှင့် ဓလေ့ထုံးစံ ဘာသာစကားများကို ကျွမ်းဝင်မှုရှိကြပါသည်။ ထိုအချက်များက စာရင်းကောက်ရမည့်နယ်မြေရှိ အိမ်ထောင်စုအားလုံးအား လွှမ်းခြုံမှု ကောင်းမွန်စေသည့်အပြင် ဒေသဓလေ့ထုံးတမ်းများအရ ဆက်သွယ်ပြောဆိုနိုင်စေပါသည်။ ဖြေဆိုသူများမှာလည်း စာရင်းကောက်များကို သိရှိကျွမ်းဝင်မှု ရှိနေနိုင်သဖြင့် သန်းခေါင်စာရင်းအပေါ် ယုံကြည်မှုပိုရှိပြီး မှန်ကန်သောအဖြေများ ပေးနိုင်ခြေပိုများပါသည်။
- အချို့နေရာများတွင် စာရင်းကောက်များအား ဒေသခံလူထုအတွင်းမှ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ ဒေသခံ စေတနာ့ဝန်ထမ်းများက လိုက်ပါကူညီသည်။ ဥပမာအားဖြင့် ရန်ကုန်တိုင်းတွင် စာရင်းကောက်သည့် နေရာထိလိုက်ပါခြင်းမှာ တိုက်တွန်းအားပေးထိုက်သော အလေ့အထမဟုတ်ပါ။ ဤအလေ့အထမှာ လျှို့ဝှက်ချက်ထိမ်းသိမ်းခြင်းကို လျော့ပါးစေနိုင်သည်ဟု လေ့လာရေးအဖွဲ့မှ မှတ်ယူပါသည်။ သို့သော် ထိုသို့ "ကူညီသူများ" လိုက်ပါသည့်အတွက် ဖြေဆိုသူများမှ သက်တောင့်သက်သာ မရှိခြင်းကိုလည်း လေ့လာရေးအဖွဲ့မှ မတွေ့ရှိခဲ့ပါ။
- လေ့လာရေးအဖွဲ့သည် သွားရောက်ခဲ့သည့် နေရာတိုင်း၌ စာရင်းကောက်များအား လုပ်ငန်းအထောက်အကူ ပြုပစ္စည်းများဖြင့် သေချာစွာ ဖြည့်ဆည်းပေးထားသည်ကို တွေ့ရှိခဲ့ပါသည်။ ထို

# ၅. သန်းခေါင်စာရင်းဆိုင်ရာပစ္စည်းများ ရရှိမှုနှင့် အသုံးပြုမှု





ပစ္စည်းများမှာ မေးခွန်းပုံစံများ၊ ခဲတံများ၊ ညွှန်ကြားချက် လက်စွဲစာအုပ်၊ ဂဏန်းသင်္ကေတစာအုပ်၊ စာရင်းကောက်ကွက်မြေပုံ၊ အဆောက်အအုံစာရင်းပုံစံများ၊ ခဲဖျက်၊ မှတ်စုစာအုပ်နှင့် စာရေးရန် အောက်ခံဘုတ်ပြားတို့ ဖြစ်ပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့သည် ထိုပစ္စည်းများကို စာရင်းကောက်သင်တန်းများ မပြီးဆုံးမီ မြို့နယ်အားလုံးသို့ရောက်ရှိရန် သေချာအောင်ဆောင်ရွက်ခဲ့ပါသည်။ စာရင်းကောက်လုပ်ငန်းများ မစတင်မီ အနည်းဆုံး ၆ ရက် ကြိုတင်၍ ရောက်ရှိနိုင်ရန်အတွက် ထိုပစ္စည်းများအား ပို့ဆောင်ဖြန့်ဝေခြင်းကို တစ်လကြိုတင်ပြီး ဆောင်ရွက်ခဲ့ပါသည်။



## (က) စာရင်းကောက်ကွက်မြေပုံများနှင့် အဆောက်အဦ စာရင်းပုံစံများ အသုံးပြုခြင်း

စာရင်းကောက်များနှင့်စာရင်းစစ်များကိုသက်ဆိုင်ရာစာရင်းကောက်ကွက်များနှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် စာရင်းမကောက်မီ အနည်းဆုံးနှစ်ရက်အလိုတွင် မြေပုံများနှင့် အဆောက်အအုံစာရင်း ပုံစံများကို အချိန်နှင့် တစ်ပြေးညီပြင်ဆင်ထားရန်ညွှန်ကြားထားခဲ့ပါသည်။ အဆောက်အအုံစာရင်းပုံစံများတွင် ကောက်ကွက်တစ်ခုစီ၏ နယ်နိမိတ်အတွင်းရှိ အဆောက်အဦအားလုံး၊ လူနေထိုင်ရာ နေရာအားလုံးနှင့် အဆောက်အဦပုံစံများကို ပြည့်စုံစွာ ပြုစုပေးထားပါသည်။ လေ့လာရေးအဖွဲ့က တွေ့ရှိရသည်မှာ စာရင်းကောက်ယူသည့် အချိန်တွင် စာရင်းကောက်အချို့သာ မြေပုံကိုကြည့်၍ ရှာဖွေ ရခြင်း (၃၂%) နှင့် အဆောက်အအုံစာရင်းပုံစံများကို ကြည့်၍ ရှာဖွေ ရခြင်း (၆၅%) ရှိကြပါသည်။

အိမ်များကိုကျော်သွားခြင်းသို့မဟုတ်စာရင်းကောက်များကကောက်ကွက်နယ်နိမိတ်ကိုနားမလည်သောကြောင့် ပြဿနာအခက်အခဲဖြစ်ခြင်းများကိုမတွေ့ရှိခဲ့ကြောင်း လေ့လာရေးအဖွဲ့က အသိအမှတ်ပြုပါသည်။ ဤသည်မှာ ဒေသကိုကျွမ်းဝင်ခြင်းနှင့် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်သူနှင့် စေတနာ့ဝန်ထမ်းများ၏ ပံ့ပိုးမှုတို့ကြောင့် ဖြစ်ပါသည်။

စာရင်းကောက်ခြင်းစတင်သည်မှ (၈) ရက်မြောက်သည့်နေ့အထိ မိမိတို့၏နေအိမ်သို့ လာရောက်၍ စာရင်းကောက်ယူခြင်း မရှိသေးပါက ရပ်ကွက်၊ ကျေးရွာခေါင်းဆောင် သို့မဟုတ် မြို့နယ်အရာရှိထံသို့အကြောင်းကြားရန်ပြည်သူလူထုအားအသိပေးတိုက်တွန်းထားပါသည်။ ထိုအချက်အလက်ကိုဒေသအားလုံးတွင်ကျယ်ပြန့်စွာဖြန့်ဝေထားသောလက်ကမ်းစာစောင်များမှတစ်ဆင့်အသိပေးထားသည်ကိုလေ့လာရေးအဖွဲ့မှသိရှိရပါသည်။ ဤနည်းဖြင့် မည်သည့်အိမ်မဆို စာရင်းကောက်ရာတွင် ကျန်ရစ်ခဲ့ရန် ဖြစ်နိုင်ခြေအား လျော့နည်းစေပါသည်။

## (ခ) ခဲတံများ




2B ခဲတံများမှာ မေးခွန်းပုံစံနှင့် ပုံရိပ်ဖတ်စက်များ ရောင်းချပေးသည့်ကုမ္ပဏီမှ အရောင်အရည်အသွေး၊ စွန်းထင်းမှုမရှိခြင်းနှင့် မေးခွန်းပုံစံကို မထိခိုက်စေခြင်းတို့အပေါ် အခြေခံ၍ ထောက်ခံအကြံပြုသည့် အမျိုးအစား ဖြစ်ပါသည်။ စာရင်းကောက်များသည် ထို ခဲတံများကို အသုံးပြုကြရပါသည်။

စာရင်းကောက်သည့် နောက်ပိုင်းရက်များတွင် စာရင်းကောက်များ၌ ခဲတံများ ကုန်လုနီးပါးဖြစ်သည်ကို တင်ပြမှုများ ရှိခဲ့ပါသည်။ ခဲတံများပြတ်လပ်နိုင်ကြောင်း (လေ့လာသူများနှင့် မြို့နယ်အရာရှိများမှ) ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သို့ သတင်းပို့သည့်အခါ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့သည် နှစ်ရက်အတွင်း ခဲတံများထပ်မံဝယ်ယူပြီး မြို့နယ်အားလုံးသို့ ချက်ချင်းပေးပို့ခဲ့ပါသည်။ စာရင်းကောက်တစ်ဦးစီကို နောက်ထပ် အနည်းဆုံး ခဲတံနှစ်ချောင်းစီ ထပ်မံပေးခဲ့ပါသည်။

## (ဂ) စာရေးရန်အောက်ခံဘုတ်ပြား



စာရင်းကောက်အားလုံးကို A3 အရွယ်အစား စာရေးရန်အောက်ခံဘုတ်ပြားတစ်ခုစီ ပေးထားခြင်းဖြင့် မေးခွန်းပုံစံကို မာကျောသောအောက်ခံပေါ်တွင် ဖြည့်သွင်းရေးသားစေနိုင်ပါသည်။ သို့သော် လေ့လာရေးအဖွဲ့က တွေ့ရှိသည်မှာ စာရင်းကောက်အားလုံး၏ ၇၇% သာ စာရေးရန်အောက်ခံဘုတ်ပြားကို အသုံးပြုကြ၍ ကျန်သူများမှာ မေးခွန်းပုံစံထည့်သည့်ဘူး သို့မဟုတ် စားပွဲခုံကို အသုံးပြုရန် ပိုမိုနှစ်သက်ကြပါသည်။

စာရေးရန်အောက်ခံဘုတ်ပြား အသုံးပြုမှုနည်းသော မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် အပါအဝင်မှ ဖြည့်ပြီးသော မေးခွန်းပုံစံများအား ပြည်သူ့အင်အားဦးစီးဌာန၌ ပုံရိပ်ဖတ်ပြီးသမျှတွင် ပြဿနာတစ်စုံတစ်ရာ မတွေ့ရပါ။ ဤအချက်က မေးခွန်းပုံစံဘူးများသည် စာရေးရန်အောက်ခံဘုတ်ပြားကဲ့သို့ပင် မေးခွန်းပုံစံများ ပြန့်ပြူးစေရန် အသုံးပြုနိုင်ကြောင်း တွေ့ရပါသည်။

## (ဃ) သန်းခေါင်စာရင်း လက်စွဲစာအုပ်




ကွင်းဆင်းလုပ်ငန်းညွှန်ကြားချက် လက်စွဲစာအုပ်ကို သင်တန်းပထမနေ့၊ ကွင်းဆင်းလုပ်ငန်းများ မစတင်မီ အနည်းဆုံး ၁ဂရက်ခန့်ကပင် ကွင်းဆင်းဝန်ထမ်းအားလုံး လက်ခံရရှိစေခဲ့ပါသည်။ ဤစာအုပ်မှာ သန်းခေါင်စာရင်းကောက်ယူမှုအတွက် အဓိကလမ်းညွှန်စာအုပ်ဖြစ်သောကြောင့် ကွင်းဆင်းဝန်ထမ်းများအား အားလပ်ချိန်တွင် လက်စွဲစာအုပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာရန် တိုက်တွန်းခဲ့ပါသည်။ လေ့လာတွေ့ရှိရသည်မှာ စာရင်းကောက်များ၏ ၃၆%သည် ညွှန်ကြားချက်လက်စွဲစာအုပ်ကို စာရင်းကောက်နေစဉ် ဖတ်ရှုအသုံးပြုကြပါသည်။

## (င) စာရင်းချုပ်ပုံစံစာရွက်



စာရင်းကောက်ကွက်စာရင်းချုပ်ပုံစံစာရွက်မှာ စာရင်းကောက်ကွက်တစ်ခုစီ၏ အိမ်ထောင်စုအလိုက်နှင့် ကျားမအလိုက် ဖော်ပြထားသော လူဦးရေစုစုပေါင်း စာရင်းချုပ်ဖြစ်ပါသည်။ စာရင်းကောက်များသည် ၎င်းတို့၏ စာရင်းကောက်ကွက်အတွင်းရှိ အိမ်ထောင်စုများအားလုံးကို စာရင်းကောက်ပြီးသည့်အခါ ဤစာရွက်ကို ဖြည့်သွင်းပြုစုရန်ဖြစ်၍ မေးမြန်းစာရင်းကောက်ယူစဉ် ဖြည့်သွင်းရန် မဟုတ်ပါ။ ထို့ကြောင့် စာရင်းကောက်များ မေးမြန်းနေစဉ်အတွင်း ထိုစာရင်းချုပ်စာရွက်အား ဖြည့်သွင်းခြင်းကို လေ့လာသည့်အဖွဲ့ အနေနှင့် မတွေ့ရှိရခြင်း ဖြစ်ပါသည်။





### (စ) မှတ်စုစာအုပ်များ

စာရင်းကောက်များကို မှတ်စုစာအုပ်များပေးထားသဖြင့် စာရင်းစစ်များနှင့် ဆွေးနွေးရန်ကိစ္စများ၊ စာရင်းမကောက်ယူရသေး၍ပြန်လည်တွေ့ဆုံရမည့်အိမ်ထောင်စုများ စသည်ဖြင့် မှတ်သားထားနိုင်ပါသည်။ ရေးမှတ်ထားရမည့်ကိစ္စများမရှိပါက စာရင်းကောက်များမှာ မှတ်စုစာအုပ်ကိုအသုံးပြုရန်မလိုပါ။ လေ့လာရေးအဖွဲ့သည် စာရင်းကောက် ၅၄% က မှတ်စုစာအုပ် အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

# ၆. မေးခွန်းပုံစံများကို ကိုင်တွယ်ထိန်းသိမ်းခြင်း





- လေ့လာရေးအဖွဲ့သည် စာရင်းကောက်များအနေနှင့် မေးခွန်းပုံစံများအား ဂရုတစိုက် ကိုင်တွယ်ထိမ်းသိမ်းကြကြောင်းနှင့် စေ့စပ်သေချာ လေးစားမှုရှိကြကြောင်း နားလည်သိရှိခဲ့ပါသည်။ ဤသည်မှာသန်းခေါင်စာရင်း နှင့်စပ်လျဉ်း၍ တန်ဖိုးထားမှုရှိသည်ကို ဖေါ်ပြသည့်အချက်တစ်ရပ် ဖြစ်နိုင်ပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်၏ အရည်အသွေးမြင့်မားမှုကို ဖြည့်ဆည်းပေးသည့်အချက်လည်း ဖြစ်ပါသည်။ လေ့လာသူအားလုံးကတင်ပြသည်မှာစာရင်းကောက်သူများသည်မေးခွန်းပုံစံများကို ဂရုစိုက်ကိုင်တွယ်၍ ထိရောက်စွာပုံရိပ်ဖတ်နိုင်ရန်အတွက် လိုအပ်ချက်အနေနှင့် သန့်ရှင်းပြန့်ပြူးစွာထားရှိရန်ညွှန်ကြားချက်ကို လိုက်နာကြပါသည်။ ပျမ်းမျှအနေနှင့် ၉၈% သော မေးခွန်းပုံစံများကို သန့်ရှင်းခြောက်သွေ့ပြန့်ပြူးစွာ ထိန်းသိမ်းထားခဲ့ကြပါသည်။ ဥပမာအားဖြင့် တနင်္သာရီတိုင်းတွင် အချို့စာရင်းကောက်များသည် မေးခွန်းပုံစံများနှင့် ၎င်းတို့၏ ရေးသွင်းမှုများ ရှင်းလင်းသပ်ရပ်စေရန် ပေတံများကို အသုံးပြုကြသည်ကို လေ့လာသူများက တွေ့ရှိခဲ့ပါသည်။ ခဲဖျက်များကိုလည်းမေးခွန်းပုံစံ မစုတ်ပြဲစေရန် ဂရုစိုက်၍ အသုံးပြုကြပါသည်။ စာရင်းကောက်များက ဤသို့ဂရုစိုက်ခြင်းကို ပြည်သူ့အင်အားဦးစီးဌာန၌ မေးခွန်းပုံစံများအားပုံရိပ်ဖတ်သည့်အခါယခုအချိန်အထိမည်သည့်အခက်အခဲမှ မတွေ့ရခြင်းကထင်ဟပ်ပြသနေပါသည်။ သို့ရာတွင်အနည်းငယ်သော မေးခွန်းပုံစံများမှာ ပျက်စီးခြင်း သို့မဟုတ် စုတ်ပြဲခြင်းများရှိ၍ ရှမ်းပြည်နယ်တောင်ပိုင်းမှ မေးခွန်းပုံစံအချို့မှာ ပြည်သူ့အင်အားဦးစီးဌာနသို့ပို့စဉ် ယာဉ်မီးလောင်၍ ပျက်စီးခဲ့ပါသည်။ သို့ရာတွင် မီးလောင်မှုကို လျင်မြန်စွာငြိမ်းသတ်နိုင်ပြီး မေးခွန်းပုံစံများကို ကူးယူ၍ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။



- စောင့်ကြည့်လေ့လာမှုအစီရင်ခံစာက ဖေါ်ပြသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဤသို့ဂရုစိုက်ကိုင်တွယ်ခြင်းနှင့် သပ်ရပ်စွာရေးသွင်းခြင်းတို့မှာ များစွာတွေ့ရလေ့မရှိပါ။ မြန်မာနိုင်ငံတွင် ကောင်းသောအလေ့အထ ရှိသည်မှာ ထိရောက်ပြည့်စုံသော သင်တန်းနှင့် စာရင်းကောက်များ၏ ခိုင်မာသော စိတ်ပါဝင်စားထက်သန်မှုနှင့် စည်ကမ်းရှိမှုတို့ကြောင့်ဖြစ်ကြောင်း အစီရင်ခံစာက ဖေါ်ပြပါသည်။

# ၇. ဘာသာစကားနှင့် ဆိုင်သောကိစ္စများ




- လေ့လာရေးအဖွဲ့က တွေ့ရှိသည်မှာ စာရင်းကောက် အများစုသည် စာရင်းကောက်ကွက်အတွင်းတွင် နေထိုင်သူဒေသခံများဖြစ်၍ ဖြေဆိုသူများနှင့် တူညီသောဘာသာစကားကို ပြောဆိုသောကြောင့်စာရင်းကောက်ယူမှုအတွက်ဘာသာစကားအခက်အခဲမရှိခဲ့ပါ။ (ပဲခူးတိုင်းတွင် အချို့သူများသည် ဘာသာစကားသုံးမျိုး ပြောဆိုနိုင်ကြပါသည်)။ ၉၇% သောမေးမြန်းမှုများတွင် စာရင်းကောက်များနှင့် ဖြေဆိုသူများသည် တူညီသော ဘာသာစကား ပြောဆိုသည်ကိုတွေ့ရှိရပါသည်။ ဤအချက်မှာ မေးမြန်းချိန်တွင် မေးခွန်း သို့မဟုတ်ဖြေဆိုမှုအပေါ် အဓိပ္ပါယ်ဖေါ်ပြမှုလွဲမှားခြင်းကို နည်းပါးစေသောကြောင့် ဘာသာစကား ပြဿနာသည် အရေးကြီးသောအချက် ဖြစ်ပါသည်။ ဘာသာစကားခက်ခဲမှုမရှိခြင်းသည် ဖြေဆိုမှုများ၏ မှန်ကန်မှုကိုလည်း တိုးမြင့်စေနိုင်ပါသည်။
- ဖြေဆိုမှုအများစုတွင် မြန်မာဘာသာစကားကို ပြောဆိုအသုံးပြုကြပါသည်။ ဖြေဆိုမှု ၈၆% အတွက် စာရင်းကောက်များသည် ဒေသခံဘာသာစကားသို့ ဘာသာပြန်ဆိုမေးမြန်းရန် မလိုအပ်ခဲ့ပါ။ မေးခွန်းပုံစံများမှာ မြန်မာဘာသာဖြင့် ဖြစ်သောကြောင့် စာရင်းကောက်များမှ မေးခွန်းများကို အဓိပ္ပါယ်ကောက်လွဲစေနိုင်သည့်အခြားဘာသာစကားများသို့ဘာသာပြန်ဆိုရန်မလိုအပ်ခြင်းက အားသာချက် ဖြစ်စေပါသည်။ သို့သော် မကွေးတိုင်း၊ ကရင်နှင့် ရခိုင်ပြည်နယ်တို့တွင် အချို့သောသူများသည် အခြားဘာသာစကားကို အသုံးပြုသည့်အတွက် ဒေသခံများမှ ဘာသာပြန်ဆိုပေးသည်ကို တွေ့ရှိရပါသည်။ လေ့လာရေးအဖွဲ့သည် ကယားပြည်နယ်ရှိ ဂေးလံခေါင်ဖျား အုပ်စုများမှလွဲ၍ အခြားဒေသများ၌ ဘာသာပြန်ဆိုမှု တိကျမှန်ကန်ကြောင်း တွေ့ရှိရပါသည်။
- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့သည် လူထုအသိပညာပေးပစ္စည်းများပြင်ဆင်ဆောင်ရွက်စဉ်က နိုင်ငံ၏ဘာသာစကားကွဲပြားမှု များပြားသည်ကို ထည့်သွင်းစဉ်းစားခဲ့သည်မှာ မှန်ကန်သောအချက်တစ်ရပ် ဖြစ်ပါသည်။ အဓိက အသိပညာပေးပစ္စည်းများ (ဥပမာ - ပိုစတာများ၊ အမေးအဖြေစာအုပ်နှင့် စာရင်းကောက်လက်စွဲစာအုပ်များကို ဘာသာစကား (၁၁) မျိုးဖြင့်ရရှိနိုင်ပြီး အခြား အသိပညာပေးစွည်းများ (ဥပမာ - လက်ကမ်းစာစောင်) ကို (အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ အပါအဝင်) ဘာသာစကား ၁၇ မျိုးဖြင့် ရရှိနိုင်ပါသည်။ ထိုပစ္စည်းများကို သန်းခေါင်စာရင်းမကောက်ယူမီ ဖြေဆိုမည့်သူများမှ နားလည်သိရှိနိုင်စေရန် သက်ဆိုင်ရာဘာသာစကားပြောဆိုသည့်ဒေသများသို့ ကြိုတင် ပေးပို့ဖြန့်ဝေခဲ့ပါသည်။



# ၈. သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်၏ အရည်အသွေးခြုံငုံသုံးသပ်ချက်



- စောင့်ကြည့်လေ့လာရေးအဖွဲ့မှ စာရင်းကောက်များအပေါ် အရည်အသွေး ခြုံငုံသုံးသပ်ချက်မှာ ၈/၁၀ ဖြစ်၍ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်အပေါ် အရည်အသွေးခြုံငုံသုံးသပ်ချက်မှာ ၇.၅/၁၀ ဖြစ်သည်။ လေ့လာသူအနည်းငယ်ခန့်က ၎င်းတို့၏ အတွေ့အကြုံများအရ ဤလုပ်ငန်းစဉ်မှာ အကောင်းဆုံးထဲမှ တစ်ခုဖြစ်သည်ဟုပင် ဆိုကြပါသည်။ လေ့လာရေးအဖွဲ့၏ အစီရင်ခံစာအရ ဤသို့ ကောင်းမွန်သောသုံးသပ်ချက်ကို ရရှိရခြင်းမှာ အရည်အသွေးပြည့် သင်တန်းများဖြစ်စေရန် ကောင်းစွာရင်းနှီး မြှုပ်နှံ၍ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း၊ ဝန်ထမ်းများနှင့်ကျောင်းဆရာ ဆရာမများ၏ စည်းကမ်းရှိမှု၊ ထက်သန်အားထုတ်မှုတို့နှင့် နှစ်ပေါင်း ၃၀ ကျော်အတွင်း ပထမအကြိမ်အနေနှင့် ပါဝင်ဖြေဆိုရန် စိတ်အားသန်သော ဖြေဆိုသူများကြောင့် ရရှိသော ရလဒ်ဖြစ်နိုင်ပါသည်။ နေရာများစွာတွင် စာရင်းကောက်များသည် တာဝန်ကျရာနေရာများတွင် ကောင်းစွာ လုပ်ငန်းဆောင်ရွက်နေကြသည်ကို လေ့လာသူများက တွေ့ရှိ အသိအမှတ်ပြုခဲ့ပါသည်။ စာရင်းကောက်များ၏ လုပ်ငန်းလုပ်ဆောင်ပုံ၊ သန်းခေါင်စာရင်းဆိုင်ရာ အဓိကအချက်အလက်နှင့် ပါဝင်သည့် အကြောင်းအရာများကို ရှင်းပြပုံတို့မှာ တူညီမှုရှိကြသည်ကို တွေ့ရှိရပါသည်။ ဤသည်မှာ သန်းခေါင်စာရင်းအပေါ် သိရှိနားလည်မှုမြင့်မားကြောင်းကိုဖော်ပြ၍ ကောက်ယူရရှိသည့် အချက်အလက်များ၏ အရည်အသွေးအတွက် အရေးကြီးကြောင်း လေ့လာသူများက ထောက်ပြခြင်း ဖြစ်ပါသည်။
- ခြုံငုံသုံးသပ်ပါက ချီးကျူးထိုက်သော သန်းခေါင်စာရင်း ကောက်ယူမှုဖြစ်သော်လည်း အရည်အသွေးအတွက် အချို့သော တွေ့ရှိချက်နှင့် စိုးရိမ်မှုများကိုလည်း ဖော်ပြထားပါသည်။ ထိုအချက်များကို အောက်ပါ ကဏ္ဍများအလိုက် အကျဉ်းချုံးဖော်ပြထားပါသည်။ ၎င်းတို့မှာ စာရင်းစတင်ကောက်ယူချိန်တွင် ရှင်းပြခြင်း၊ လျှို့ဝှက်ချက်ထိမ်းသိမ်းခြင်း၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်၊ သန်းခေါင်စာရင်း စတစ်ကာကပ်ခွာများနှင့် ပြန်လည်ချိန်းဆိုခြင်း ကဒ်ပြားများတို့ ဖြစ်ကြပါသည်။



## (က) စာရင်းစတင်မကောက်ယူမီ သန်းခေါင်စာရင်းအကြောင်း မိတ်ဆက်ရှင်းပြခြင်း

စာရင်းကောက်ယူမှုများ၏ ၂၉% ၌သာလျှင် ဖြေဆိုသူများအား သန်းခေါင်စာရင်းအကြောင်း ရှင်းပြသည်ကို လေ့လာရေးအဖွဲ့က သတိပြုမိပါသည်။ ညွှန်ကြားချက်လက်စွဲစာအုပ်တွင်လည်း ဤအချက်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မရှိသည်ကိုလည်း ဖော်ပြရန်လိုပါသည်။ လက်စွဲစာအုပ်တွင် စာရင်းကောက်များကို မိမိတို့ လာရောက်ရသည့်ရည်ရွယ်ချက်ကိုသာရှင်းပြရန်ပြောထားပြီးသန်းခေါင်စာရင်းအကြောင်းအဓိပ္ပါယ်ဖော်ထုတ် ရှင်းလင်းပြောကြားရန် မဖော်ပြထားပါ။

ချင်းနှင့် ကရင်ပြည်နယ်စသည့် အချို့ဒေသများတွင် သန်းခေါင်စာရင်းကောက်ယူမှု မစတင်မီနှင့် စာရင်းကောက်သူ ရောက်မလာမီအချိန်တွင် တစ်စုံတစ်ယောက်က ကြိုတင်ရှင်းပြပေးထားသည်ဟု လေ့လာသူများ အနေနှင့် အခိုင်အမာပင် ထင်မြင်ယူဆပါသည်။ အချို့ဖြေဆိုသူများက (ဥပမာ-မွေးသက္ကရာဇ်စသည်) မေးနိုင်ခြေရှိသောမေးခွန်းများအတွက် အချက်အလက်များကို ကြိုတင်ရေးသားထားသည်ကိုလည်း တွေ့ရှိရပါသည်။



## (ခ) လျှို့ဝှက်ချက်ထိမ်းသိမ်းမှုကို ရည်ညွှန်းခြင်း

လေ့လာရေးအဖွဲ့က သတိပြုမိသည်မှာ မန္တလေး၊ ရောဂတီနှင့် ပဲခူးတိုင်းစသော ပြည်နယ်၊တိုင်းအချို့မှလွဲ၍ ကျန်ဒေသများတွင် စာရင်းကောက်အများစုသည် လျှို့ဝှက်ချက်ထိမ်းသိမ်းမှုဆိုင်ရာ အကြောင်းရပ်များကို ဖြေဆိုသူများအား ရှင်းပြခြင်းမရှိပါ။

ကောက်ယူရရှိသော အချက်အလက်များအတွက် လျှို့ဝှက်ထားမည့်ကိစ္စကို လူထုအသိပညာပေးပစ္စည်းများတွင် ကျယ်ပြန့်စွာ အလေးထားဖော်ပြခဲ့ပါသည်။ ကောက်ယူရရှိသော အချက်အလက်များမှတစ်ဆင့် ဖြေဆိုသူတစ်ဦးချင်းထံသို့ ပြန်လည်၍ ခြေရာခံနိုင်ခြင်းမရှိသဖြင့် လူတစ်ဦးချင်း၏ အချက်အလက်များအား အသုံးချနိုင်ခြင်းမရှိကြောင်း အဓိကသတင်းပေးထားပါသည်။



## (ဂ) သန်းခေါင်စာရင်းည (ရည်ညွှန်းချိန်) ကို ရည်ညွှန်းဖော်ပြခြင်း

လေ့လာရေးအဖွဲ့က တွေ့ရှိရသည်မှာ တွေ့ဆုံမေးမြန်း မှုများတွင် သန်းခေါင်စာရင်း ည (မတ်လ ၂၉ရက်နေ့ည) ကို ရည်ညွှန်းဖော်ပြခြင်း မပြုကြပါ။ ၄င်းတို့က ထောက်ပြသည်မှာ မြန်မာနိုင်ငံအတွက် ရွေးချယ် အသုံးပြုသည့် သန်းခေါင်စာရင်းကောက်ယူသည့် နည်းလမ်းဖြစ်သော တွေ့ရှိရာအရပ်တွင် ကောက်ယူ သည့်မှု (De-Facto) အသုံးပြုခြင်းကို ထိခိုက်နိုင်ပေသည်။ လေ့လာခဲ့သောနေရာများ၏ ၇ဂ% မှာ သန်းခေါင်စာရင်း ည ကို ဖော်ပြကြပါသည်။ ဥပမာအားဖြင့် ပဲခူး၊ နေပြည်တော် နှင့် ရောဂတီ အပါအဂင် ဒေသအချို့တွင် ၁ဂဂ% အပြည့်အဂ ရည်ညွှန်းချိန်ကိုဖော်ပြ လုပ်ဆောင်ပြီး ကရင်ပြည်နယ် ကဲ့သို့သော ဒေသတွင် ၄၄% အထိ နည်းပါးပါသည်။

သန်းခေါင်စာရင်းညကို ရည်ညွှန်းဖော်ပြခြင်းမရှိခြင်းသည် ပြည်သူများအတွင်း ရွှေ့ပြောင်းသွားလာမှုများသော ဒေသများတွင် အချက်အလက်များ၏ အရည်အသွေးအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ ဤအချက်ကြောင့် အချက်အလက်များအား ဆန်းစစ်သည့်အခါ ခန့်မှန်းထားသည့်အရေအတွက်နှင့် သိသာစွာ ကွဲပြားခြင်း ရှိမရှိကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အချက်အလက်များအား မှန်ကန်စေရေးအတွက် ပြင်ဆင်ရန်လိုအပ်ပါက အသုံးပြုနိုင်မည့် လူဦးရေဆိုင်ရာဆန်းစစ်မှု နည်းလမ်းများ ရှိနေပါသည်။

## (ဃ) သန်းခေါင်စာရင်းစတစ်ကာများ





စာရင်းကောက်ပြီးသောအိမ်များ၏ အပြင်ဖက်တွင် ကပ်ရန် သို့မဟုတ် ချိတ်ဆွဲရန် (စာရင်းကောက်များအား ချိတ်ဆွဲရန်ကြိုးများ ပေးထားသည်) ၁၂.၅ သန်း အရေအတွက်ရှိသော စာရင်းကောက်ယူပြီးစီးကြောင်း စတစ်ကာများကို သန်းခေါင်စာရင်းစီမံချက်မှ ဝယ်ယူခဲ့ပါသည်။ ရည်ရွယ်ချက်မှာ စာရင်းကောက်နှင့် အခြား သန်းခေါင်စာရင်းဆိုင်ရာ ဝန်ထမ်းများအဖို့ မည်သည့်အိမ်များကို စာရင်းကောက်ပြီး၍ မည်သည့်အိမ်များ ကျန်နေသေး သည်ကိုလွယ်ကူစွာ သတ်မှတ်သိရှိနိုင်ရန် ဖြစ်ပါသည်။ ဤနည်းဖြင့် ဖြစ်နိုင်ခြေရှိသော နှစ်ခါပြန် စာရင်းကောက်ခြင်းနှင့် စာရင်း မကောက်မိဘဲ ကျန်ခဲ့ခြင်းတို့အား လျော့နည်းစေနိုင်ပါသည်။

လေ့လာရေးအဖွဲ့က စာရင်းကောက်အများစု (လေ့လာခဲ့သည့်အနက်မှ ၉၂%) သည် စာရင်းကောက်ပြီး သည့်အခါ စတစ်ကာကပ်ခွာများကို သင့်လျော်စွာကပ်ကြသည်ကို တွေ့ရှိရပါသည်။ (ဥပမာ - ဧရာဝတီ၊ ပဲခူး၊ ကယား၊ ကရင်၊ နေပြည်တော်၊ စစ်ကိုင်း နှင့် ရှမ်းပြည်နယ်)။ သို့သော် အချို့ဒေသများ ဥပမာ ရခိုင် (၇၁%) နှင့် မွန္တလေး (၈၁%) တို့တွင် စတစ်ကာကပ်ခွာများ အသုံးပြုမှုမှာ တစ်ပြေးညီခြင်းမရှိပါ။ များစွာ အရေးမကြီး သော်လည်း တွေ့ရှိချက်တစ်ခုမှာ အချို့စာရင်းကောက်များသည် တွေ့ဆုံမေးမြန်းမှုမပြုမီ စတစ်ကာကပ်ခွာ များကို ကြိုတင်၍ကပ်ကြခြင်း ဖြစ်ပါသည်။ မေးမြန်းပြီးပါက စတစ်ကာကပ်ရန်မေ့ခဲ့နိုင်သောကြောင့် ကြိုတင် ကာကွယ်ခြင်း ဖြစ်နိုင်ပါသည်။

စာရင်းစစ်များက နေ့တစ်နေ့ကုန်ဆုံးချိန်တိုင်း စာရင်းကောက်များ၏ လုပ်ငန်းကို ပြန်လည် ဆန်းစစ်သည့် အခါ မေးခွန်းပုံစံများနှင့် အဆောက်အအုံစာရင်းပုံစံတွင် ပါဝင်သော အိမ်ထောင်စုအရေအတွက်တို့အား တိုက်ဆိုင် စစ်ဆေးခြင်းဖြင့် ဖြစ်နိုင်ခြေရှိသော စာရင်းမကောက်မိဘဲကျန်ခဲ့ခြင်းအား သိရှိသတိပြုမိနိုင်သည်။

လေ့လာရေးအဖွဲ့က ရှမ်းပြည်နယ်၌ တွေ့ကြုံခဲ့သည်မှာ မြို့နယ်တစ်မြို့နယ်တွင် စတစ်ကာကပ်ခွာများ ကုန်သွားသဖြင့် မိတ္တူများကူးကာ ကော်ဖြင့် ကပ်ကြခြင်းဖြစ်ပါသည်။ ဤကဲ့သို့ စီစဉ်၍လုပ်ဆောင်ကြခြင်းမှာ စတစ်ကာကပ်ခွာ ကပ်ရသည့် ရည်ရွယ်ချက်ကို ပြည့်မြောက်စေ၍ စာရင်းကောက်နှင့် အခြားသန်းခေါင် စာရင်း ဆိုင်ရာ ဝန်ထမ်းများအနေနှင့် စတစ်ကာကပ်ခွာများ၏ တန်ဖိုးကို နားလည်သိရှိပြီး စတစ်ကာကပ်ခွာ ကပ်ရန် လုပ်ငန်းလိုအပ်ချက်အပေါ် အလေးအနက်ထားကြောင်းကိုလည်း ဖေါ်ပြပါသည်။

## (င) ပြန်လည်ချိန်းဆိုမှု ကဒ်ပြားများ



စာရင်းကောက်များသည် ပြန်လည်ချိန်းဆိုမှုကဒ်ပြားများကို အသုံးပြုမှုနည်းပါးကြောင်း လေ့လာရေးအဖွဲ့မှ တွေ့ရှိရပါသည်။အကြောင်းရင်းမှာဖြေဆိုသူများသည်အများအားဖြင့်အိမ်တွင်ရှိနေကြ၍ဖြစ်ပါသည်။အိမ်တွင် ဖြေကြားနိုင်သူ ရှိမနေသည့်အခါများတွင် စာရင်းကောက်သူသည် ပြန်လည်ချိန်းဆိုမှုကဒ်ပြား ကိုထားခဲ့ကြ ပါသည်။

လေ့လာရေးအဖွဲ့ကတွေ့ရှိရသည်မှာ ဤသို့ဆောင်ရွက်ရန် လိုအပ်သည့်အခါများ၏ ၉၉% တွင် စာရင်း ကောက်များက ပြန်လည်ချိန်းဆိုမှုကဒ်ပြားကို ထားခဲ့ကြပါသည်။

## (စ) တွေ့ဆုံမေးမြန်းသည့် အချိန်အတိုင်းအတာ



လေ့လာရေးအဖွဲ့ကတွေ့ရှိရသည်မှာ စာရင်းကောက်များသည် မေးခွန်းမေးရာတွင် အလျင်အမြန် အလော တကြီး ဆောင်ရွက်ခြင်းမပြုဘဲ ကောင်းမွန်ထိရောက်စွာ မေးမြန်းကြပါသည်။ ပျမ်းမျှအားဖြင့် မေးမြန်းချိန်မှာ ၁၈ မိနစ် ဖြစ်ပြီး မေးခွန်းအားလုံးကိုမေးရန် လုံလောက်ပါသည်။ သို့ဖြစ်၍ တွေ့ဆုံမေးမြန်းခြင်းနှင့် အဖြေများ ရေးသွင်းခြင်းအတွက် ပြီးပြည့်စုံ သေချာစေပါသည်။

# ၉. အချက်အလက်များ၏ အရည်အသွေး



အချက်အလက်များ၏ အရည်အသွေးကို (အကောင်းဖက်မှဖြစ်စေ၊ အဆိုးဖက်မှဖြစ်စေ) သက်ရောက်မှု ဖြစ်နိုင်ခြေရှိသော တွေ့ရှိချက်များ ရှိခဲ့ပါသည်။ သို့သော် ထိုကိစ္စအများစုမှာ အချက်အလက်များ ဆန်းစစ်၊ ပြင်ဆင်သည့်အဆင့်တွင် လွယ်ကူစွာ ပြင်ဆင်နိုင်ကြောင်း တွေ့ရှိရပါသည်။

အချို့သော အဓိကတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

## (က) စာရင်းကောက်ချိန်တွင် ရပ်ကွက်၊ကျေးရွာခေါင်းဆောင်နှင့် မြို့နယ်ဝန်ထမ်းများ ရှိနေခြင်း

- လေ့လာရေးအဖွဲ့ကတွေ့ရှိရသည်မှာ အချို့သော အခြေအနေများတွင် စာရင်းကောက်များနှင့်အတူ ရပ်ကွက်၊ ကျေးရွာခေါင်းဆောင်မှ လိုက်ပါပြီး အချို့ဒေသများတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ လိုက်ပါကြပါသည်။ ဆောင်ရွက်သင့်သည်မှာ လျှို့ဝှက်ချက် ထိန်းသိမ်းမှုအတွက် မည်သည့်ကူညီပေးသူမဆို စာရင်းကောက်ချိန်တွင် အိမ်အပြင်၌ နေခဲ့ရန် ဖြစ်ပါသည်။ လေ့လာသူများက ဖေါ်ပြသည်မှာ ဤသို့ မေးသူနှင့် ဖြေသူအပြင် အခြားသူများရှိနေသော်လည်း ဖြေဆိုသူများက အနှောက်အယှက်ဖြစ်ပုံမရခြင်းဖြစ်ပါသည်။ ဥပမာ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် မေးသူနှင့်ဖြေသူများ ပြောဆိုသည့် ဘာသာစကား မတူညီပါက ထိုသူများက မေးခွန်းနှင့်အဖြေများကို ဘာသာပြန်ပေးခြင်းဖြင့် ကူညီကြပါသည်။
- ထိုသို့ အခြားသူများပါဝင်သည့် အခြေအနေအားလုံးနီးပါးတွင် ချင်းပြည်နယ်နှင့် နေပြည်တော်တို့မှလွဲ၍) တွေ့ဆုံမေးမြန်းခြင်း၌ ဝင်ရောက်ပါဝင်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဖြေဆိုမှုများကို မှတ်တမ်းတင်မှု အရည်အသွေးမှာ ပြောဆိုသည့်အတိုင်း တိကျသည်ဟု ယုံကြည်ရပါသည်။ တွေ့ဆုံမေးမြန်းရာတွင် အတင်းအကျပ် တိုက်တွန်းဖြေဆိုစေခြင်းများ မတွေ့ရှိရပါ။ သို့သော် အကောင်းဆုံးမှာ လျှို့ဝှက်ချက်ထိမ်းသိမ်းမှုအတွက် အခြားသူများ မပါဝင်စေရန် အကြံပြု ပါသည်။

- ချင်းပြည်နယ်နှင့် အချို့ပြည်နယ်/တိုင်းဒေသကြီးများတွင် လေ့လာသူများက တွေ့ရှိရသည်မှာ ဖြေဆိုသူများအတွက် အခြားသူများက (အိမ်နီးချင်း သို့မဟုတ် ရပ်ကွက်ကျေးရွာလူကြီးများ) ကူညီဖြေဆိုပေးခြင်း ဖြစ်ပါသည်။ အကောင်းဆုံးရည်ရွယ်ချက်ဖြင့် ဖြေကြားပေးသော်လည်း ဖြေဆိုမှုများ၏ အရည်အသွေးအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

## (ခ) ဖြေကြားရန် ငြင်းဆိုခြင်း

- အဖွဲ့မှတွေ့ရှိရသည်မှာ ၉၉.၆% သော အိမ်ထောင်စုများမှ တွေ့ဆုံမေးမြန်းခြင်းကို လိုလားစွာဖြင့် လက်ခံ၍ မေးခွန်းအားလုံးအတွက် ဖြေဆိုကြသဖြင့် ဖြေကြားမှုနှုန်းမှာ အပြည့်အဝနီးပါးပင်ဖြစ်ပါသည်။ ဤသည်မှာ အချက်အလက်ကောက်ယူမှု ပြီးပြည့်စုံရေးအတွက် အထူးအရေးပါပါသည်။

## (ဂ) ဖြေဆိုမှုများအပေါ် ကောက်ချက်ဆွဲယူခြင်း

- အချို့အခြေအနေများတွင် ဥပမာ - ကျား မ၊ အိမ်ထောင်စုအခြေအနေ၊ (ဘာသာရေးဆိုင်ရာ သင်္ကေတများ ချိတ်ဆွဲထားပါက) ကိုးကွယ်သည့်ဘာသာ၊လူမျိုး၊အိမ်အကြောင်းအရာစသည်ဖြင့်အဖြေများသည်အထူးသိသာထင်ရှားနေပါကစာရင်းကောက်များသည်အဖြေများကို ကောက်ချက်ဆွဲ၍ ရယူကြောင်း တွေ့ရှိရပါ သည်။ (ဥပမာ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်)။ ထို့သို့ ကောက်ချက်ဆွဲယူမှုများသည် အချက်အလက်များကို ပြုပြင်ပြောင်းလဲလိုသည့် ရည်ရွယ်ချက်မဟုတ်ဘဲ အဖြေများမှာ ၄င်းတို့အတွက် သိသာထင်ရှားနေ၍ ဖြစ်သည်ဟု လေ့လာရေးအဖွဲ့က ယူဆပါသည်။
- မေးခွန်းအများစုတွင် ကောက်ချက်ဆွဲယူခြင်းမှာ အချက်အလက်၏အရည်အသွေးအတွက် သက်ရောက်မှု အနည်းငယ်သာရှိပါသည်။ ဥပမာ - အိမ်အခြေအနေ (အမိုး၊ အကာ၊ ကြမ်းခင်း)။ သို့သော် ပို၍ အရေးကြီးသော မေးခွန်းများ ဥပမာ - မသန်စွမ်းမှုကို မေးမြန်းသည့် မေးခွန်းဖြစ်ခဲ့လျှင် အချက်အလက်၏ အရည်အသွေး ပေါ်တွင် သက်ရောက်မှု ရှိနိုင်ပါသည်။

## (ဃ) နိမိတ်ပြမေးခွန်းမေးခြင်း

- လေ့လာတွေ့ရှိရသည်မှာ စာရင်းကောက်အများစုသည် မေးခွန်းပုံစံတွင်ပါရှိသည့် စကားလုံးများအတိုင်း မေးခွန်းများကို မေးကြပါသည်။ စကားလုံးများကို ပြောင်းလဲမေးမြန်းရန် လိုအပ်သောအခါများတွင် အဓိပ္ပါယ် မပြောင်းလဲစေရန် ထိမ်းသိမ်းကြပါသည်။ စကားလုံးများကို ပြောင်းလဲမေးမြန်းရခြင်းမှာ မေးခွန်းကို ထပ်မံပြောပြရန် လိုအပ်သည့်အခါ ပိုမိုရှင်းလင်းစေရန် ရည်ရွယ်ကြောင်း တွေ့ရပါသည်။ သို့ရာတွင် အချို့အခြေအနေများတွင် စာရင်းကောက်သူသည် နိမိတ်ပြမေးခွန်းမေးသည့်နည်းဖြင့် ပြန်လည်မေးမြန်း ခြင်းများ ရှိကြောင်း တွေ့ရှိရပါသည်။ ဥပမာ - သင်ဗုဒ္ဓဘာသာ ဟုတ်တယ်နော်၊ ဖြေဆိုသူသည် လူမျိုးဆိုသည့် စကားလုံးကို နားလည်ရန် အခက်အခဲရှိပါက သင် ချင်းလူမျိုးမဟုတ်လား စသည်ဖြင့် မေးမြန်းခြင်းမျိုးဖြစ်ပါသည်။
- မေးခွန်းများ၏အဓိပ္ပါယ် မပြောင်းလဲစေရန်ထိမ်းသိမ်းထားသောကြောင့် စကားလုံးများကို ပြောင်းလဲမေးမြန်းခြင်းဖြင့် ဖြေဆိုမှုများ၏ အရည်အသွေးအပေါ် သက်ရောက်မှုရှိနိုင်ခြေ အလွန်နည်းကြောင်း လေ့လာသူများက ကောက်ချက်ချပါသည်။

## (င) မေးမြန်းပြီးသည့်အိမ်မှ မထွက်ခွာမီ မေးခွန်းပုံစံများကို စစ်ဆေးခြင်း

- စာရင်းကောက်များကို မေးမြန်းပြီးသည့်အိမ်မှ မထွက်ခွာမီ မေးခွန်းပုံစံများကို စစ်ဆေးရန် ညွှန်ကြားချက် ပေးထားပါသည်။ သို့သော် မေးမြန်းမှုများ၏ ၃၈.၅% တွင် ထိုသို့မဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ နောက်ဆက်တွဲ ဖြစ်နိုင်ခြေမှာ နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ စာရင်းစစ်က စာရင်းကောက်သူကို ပိုမိုပြည့်စုံသော သို့မဟုတ် မှန်ကန်သောအချက်အလက်များ ကောက်ယူရန် ထိုအိမ်သို့ ပြန်လည်သွားရောက်စေခြင်းဖြစ်၍ တန်ဖိုးရှိသောအချိန်များ ဆုံးရှုံးနိုင်ပါသည်။ ဒုတိယတစ်ခုမှာ ချက်ချင်းမစစ်ဆေးခြင်းကြောင့် စာရင်းကောက်မှာ ချက်ချင်းပြန်လည်ပြင်ဆင်ရန် သို့မဟုတ် အတည်ပြုရန် အခွင့်အလမ်း ဆုံးရှုံးခြင်းဖြစ်ပါသည်။ ဤသည်မှာ ကောက်ယူခဲ့သည့် အချက်အလက်များ၏ အရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။
- ထိုသို့ ပြန်လည်မစစ်ဆေးခြင်းများမှာ ပြည်နယ်နှင့်တိုင်းအလိုက် ကွဲပြားကြပါသည်။ ပဲခူးတိုင်းတွင် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်မှု ၁၀၀% ရှိ၍ နေပြည်တော်တွင် ၉% အထိ နည်းပါးပါသည်။ စာရင်းစစ်များနှင့် စာရင်းကောက်များသည် တစ်နေ့တာကုန်ဆုံးချိန်တွင်

မြို့နယ်သို့မဟုတ်ကျေးရွာရပ်ကွက်သန်းခေါင်စာရင်းရုံးများတွင်ပြန်လည်စစ်ဆေးကြလိမ့်မည်ဟုလေ့လာရေးအဖွဲ့ကသိမှတ်ခဲ့ပါသည်။ အိမ်များမှ ထွက်ခွာလာခဲ့ပြီး ဖြစ်သော်လည်း ထိုစစ်ဆေးမှုများမှတစ်ဆင့် ဖြေဆိုမှုများတွင် ကိုက်ညီမှု မရှိသည့်အချက်များကို တွေ့ရှိနိုင်၍ နောက်တစ်နေ့တွင် စာရင်းကောက်၊ စာရင်းစစ်များက ထိုအိမ်များသို့ ပြန်သွားကာ ရှင်းလင်းအောင် မေးမြန်းနိုင်ပါသည်။

- ထို့ပြင် စာရင်းစစ်များသည် စာရင်းကောက်တစ်ဦးစီက တစ်နေ့တာအတွင်း ကောက်ယူခဲ့သော အိမ်ထောင်စု များအနက်မှ အနည်းဆုံး အိမ်ထောင်စု ၃ စု (စာရင်းကောက်၏ အရည်အချင်းကိုလိုက်၍ ပိုများနိုင်သည်) ကို ကျပန်းရွေးချယ်ပြီး ပြန်လည်တွေ့ဆုံမေးမြန်းရန် တာဝန်ရှိပါသည်။ ဤအရည်အသွေးထိမ်းသိမ်းမှုစနစ်သည် အချက်အလက်များကို တိကျစွာကောက်ယူခဲ့ခြင်းမရှိပါက ပြန်လည်ပြင်ဆင်ရန် အခွင့်အလမ်းရရှိ စေနိုင်ပါသည်။

## (စ) ပြဿနာ အခက်အခဲရှိသော မေးခွန်းများ

- လေ့လာရေးအဖွဲ့၏ အဓိကတွေ့ရှိချက်တစ်ခုဖြစ်သည့် မသန်စွမ်းမှု၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် အလုပ်အကိုင်၊လုပ်ငန်းတို့နှင့် သက်ဆိုင်သော မေးခွန်းအချို့က မေးသူနှင့်ဖြေသူ နှစ်ဦးလုံးအတွက် ခက်ခဲမှုဖြစ်စေသည်မှာ အထူးသတိပြု စဉ်းစားရမည့်အချက်ဖြစ်ပါသည်။ အဖွဲ့မှကောက်ချက်ချသည်မှာ နိုင်ငံများစွာမှ သန်းခေါင်စာရင်းကောက်ယူမှုများတွင် ဤမေးခွန်းများအတွက် တူညီသောအခက်အခဲများ တွေ့ရတတ်သော်လည်း အချက်အလက် ဆန်းစစ်သည့်အဆင့်တွင် အာရုံစူးစိုက်ရန် လိုအပ်ကြောင်း ပင်ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းများသည် ပြဿနာအခက်အခဲရှိခဲ့ပါက ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဘာသာရပ်ကျွမ်းကျင်သူများက လျော့နည်း၍ သို့မဟုတ် ပို၍ဖြေဆိုတင်ပြခြင်းများ ရှိနိုင်သည်ကို ဆန်းစစ်သင့်ပါသည်။ ကိန်းဂဏန်း မမှန်ကန်မှုများ ဖြစ်နိုင်ခြေကို ဖြေရှင်းရန်အတွက် သင့်လျော်သော စာရင်းအင်းဆိုင်ရာနည်းလမ်းများကို အသုံးပြု ဆောင်ရွက်နိုင်ပါသည်။

# ၁၈. ရခိုင်ပြည်နယ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်း





- သန်းခေါင်စာရင်းကောက်ယူခြင်းကို ဗုဒ္ဓဘာသာအများစုနေထိုင်သော ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာရေးအဖွဲ့မှ တွေ့ရှိခဲ့ပါသည်။
- သို့ရာတွင်အချို့အစ္စလာမ်ဘာသာဝင်များနေထိုင်ရာဒေသများတွင်အခြေအနေမှာကွဲပြားခြားနားပါသည်။ စာရင်း ကောက်သူများသည် ကူညီသူများနှင့် ရဲ၊ စစ်တပ်၊ လုံခြုံရေးအစောင့်အရှောက်များဖြင့် အဖွဲ့လိုက် သွားလာကြပါသည်။ ဤအချက်မှာ ဖြေဆိုသူများအတွက် လျှို့ဝှက်ချက်ထိမ်းသိမ်းပေးမှုကို လျော့ပါးစေပါသည်။
- လေ့လာသူများ၏တွေ့ရှိချက်အရ မည်သည့်အိမ်ထောင်စုမှ ဖြေကြားရန် ငြင်းဆိုခြင်းမရှိပါ။ သို့ရာတွင် ထို အစ္စလာမ်ဘာသာဝင် လူမျိုးစုများအကြား ဖြစ်စဉ်ပုံစံ ၃ မျိုးကို တွေ့ရှိရပါသည်။ ပထမတစ်မျိုးမှာ စာရင်းကောက်သူက လူမျိုးကိုမေးမြန်းမှုဖြင့် စတင်ခြင်းဖြစ်ပါသည်။အကယ်၍ဖြေဆိုသူကမိမိကိုယ်မိမိ "ရိုဟင်ဂျာ" ဟုသတ်မှတ်ဖြေဆိုပါကစာရင်းကောက်သူမှ ထွက်ခွာသွားခြင်းဖြစ်ပါသည်။ ဒုတိယဖြစ်စဉ်မှာ တွေ့ဆုံမေးမြန်းမှုကို စံပြုပုံစံအတိုင်း စတင်၍ အစဉ်အတိုင်းမေးမြန်းပြီး လူမျိုးနှင့်ဆိုင်သော မေးခွန်း (နံပါတ် ၈) သို့ ရောက်ရှိပါသည်။အကယ်၍ဖြေဆိုသူကမိမိကိုယ်မိမိ "ရိုဟင်ဂျာ" ဟုဖြေဆိုပါကတွေ့ဆုံမေးမြန်းမှုကို ရပ်ဆိုင်းလိုက်ပါသည်။ တတိယတစ်မျိုးမှာ စာရင်းကောက်သူက လူမျိုးနှင့်ဆိုင်သော မေးခွန်းကိုမမေးဘဲ ကျော်သွားပြီး အခြားမေးခွန်းများကိုသာ မေးခြင်းဖြစ်ပါသည်။
- လေ့လာရေးအဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် သန်းခေါင်စာရင်းကောက်ယူမှု မအောင်မြင်ခြင်းအတွက် ဖြေရှင်းရန်နည်းလမ်း တစ်ရပ်ကို ရှာဖွေရန်လိုအပ်ကြောင်း အထူးပြုတင်ပြခဲ့ပါသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း
စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ
ခြုံငုံဖော်ပြချက်